on your side




# On Your Side ဆိုတာ ဘာလဲ?

**On Your Side သည် လူမျိုးရေးခွဲခြားမှု နှင့်/သို့မဟုတ် တနည်းနည်းဖြင့် မုန်းတီးမှုခံနေရသော အရှေ့တိုင်းနှင့် အရှေ့တောင်အာရှ လူ့အသိုင်းအဝိုင်းများအတွက် UK တစ်ဝှမ်း အကူအညီနှင့် သတင်းပို့ ဝန်ဆောင်မှုဖြစ်သည်။**

သင် သို့မဟုတ် အရှေ့တိုင်း၊ အရှေ့တောင်အာရှသား ဖြစ်သူ တစ်စုံတစ်ဦးသည် လူမျိုးရေးခွဲခြားမှု နှင့်/သို့မဟုတ် မုန်းတီးမှု ခံရပါက သင့်ကိုကူဖို့ ကျွန်ုပ်တို့ ရှိပါတယ်။ ဘာဘဲ ဖြစ်ခဲ့ဖြစ်ခဲ့၊ တစ်စုံတစ်ယောက်က အသေးအဖွဲ့အနေနဲ့ ထင်နေမလားလို့ သင်ဘယ်လိုဘဲထင်ထင်၊ သင်ပြောတာတွေကို နားထောင်ပြီး အရေးတယူလုပ်ဖို့ လိုပါတယ်။

# ကျွန်ုပ်တို့ သင့်အတွက် ဘာ အကူအညီတွေ ပေးနိုင်လဲ?

**On Your Side တွင် 24/7 အခမဲ့ အကူအညီဖုန်းလိုင်းနှင့် ဝဘ်ဆိုက်တို့ ရှိပြီး သင်သည် အကူအညီ၊ အရင်းမြစ်များ ရယူခြင်းတို့ ပြုလုပ်နိုင်ပါသည်။ သင်ဆန္ဒရှိပါက သတင်းပို့နိုင်ပါသည်။**

ဖော်ရွေသော ကျွန်ုပ်တို့အဖွဲ့သည် အရှေ့တိုင်းနှင့် အရှေ့တောင်အာရှ ဘာသာစကားမျိုးစုံကို ပြောဆိုနိုင်ပြီး ယုံကြည်ရသော ဘာသာပြန်များမှတစ်ဆင့် သင်လိုအပ်သော မည်သည့်ဘာသာစကားကိုမဆို ပြောဆိုနိုင်ပါသည်။

သင်သည် ရဲတိုင်ပါက ဘာဖြစ်လာမည်လဲဟု စိုးရိမ်ပါသဖြင့် ဒေသတွင်း အတိုင်ပင်ခံဝန်ဆောင်မှုကို ရှာဖွေလိုသည်ဖြစ်စေ၊ သင့်ဘက်ကရှိမည့် တစ်စုံတစ်ယောက်နှင့် ပြောဆိုလိုသည်ဖြစ်စေ - ကျွန်ုပ်တို့၏ လေ့ကျင့်ထားသော အကူအညီလိုင်း လုပ်ဆောင်သူများနှင့် အထောက်အကူ အလုပ်သမားများက သင့်အတွက် ရှိနေပါသည်။



# ကျွန်ုပ်တို့၏ ကတိကဝတ်

**ကျွန်ုပ်တို့ပြုလုပ်သမျှတွင် သင့်ဘေးကင်းရေးနှင့် ကျန်းမာချမ်းသာရေးသည် အဓိကဖြစ်သည်။ သင် သို့မဟုတ် အခြားသူများအတွက် အလွန်အန္တရာယ်မရှိသရွေ့ ကျွန်ုပ်တို့အား သင်ပြောပြသည်တို့ကို သင့်ခွင့်ပြုချက်မပါဘဲ မည်သူနှင့်မျှ မည်သည့်အခါမျှ မျှဝေမည်မဟုတ်ပါ။**



သင်ဘာဖြစ်ခဲ့သလဲဆိုတာ ကျွန်ုပ်တို့ကို ပြောခြင်းအားဖြင့် သင်သည် UK ရှိ အရှေ့တိုင်းနှင့် အရှေ့တောင်အာရှ လူ့အသိုင်းအဝိုင်းတို့၏ အတွေ့အကြုံများကို ပုံဖော်ရာတွင် အထောက်အကူပြုပါသည်။ဘာဖြစ်နေလဲဆိုတာ ပိုမိုသင်ယူနိုင်လေ၊ ပိုမိုကောင်းမွန်စွာ တားဆီးနိုင်လေဖြစ်သည်။

## တိတ်ဆိတ်စွာ နာကျင်ခံစားမနေပါနှင့်။
## အချိန်မရွေး ကျွန်ုပ်တို့နဲ့ အခမဲ့ စကားပြောပါ

**ဖုန်းခေါ်ရန် - 0808 801 0393**

**အွန်လိုင်းမှ ဆက်သွယ်ရန် - onyoursideuk.org**

This service has been funded by the Ministry for Housing, Communities & Local Government through the HKBN(O) Welcome Programme. The service is run by a consortium of charity and non-profit organisations and operates completely independently of the UK Government. Unless there is exceptional risk to your safety, or the safety of others, no data you share will ever be given to any other agency without your full and informed consent.

Funded by UK Government